# ကာတွန်းရဲ့ စာနယ်ဇင်းလွတ်လပ်ခွင့်

ဟံသာဝတီ ဦးဝင်းတင်

(၁)

ဒီနေ့ကာလမှာ ကျွန်တော်က နိုင်ငံရေးသမားတစ်ပိုင်း ဖြစ်နေပါပြီ။ ကာလရှည်ကြာစွာ သတင်းစာသမား ဘဝနဲ့ ရုန်းကန်ခဲ့သူဖြစ်လို့ မကြာခဏဆိုသလို လူငယ်စာနယ်ဇင်းသမားတွေ ကျွန်တော့်ဆီရောက်လာတတ် ပါတယ်။ မေးခွန်းတွေ မေးတတ်ကြပါတယ်။ အမြဲတမ်းလိုလို မေးတတ်တဲ့မေးခွန်းတစ်ခုကတော့ စာနယ်ဇင်း လွတ်လပ်ခွင့်အကြောင်း ဖြစ်ပါတယ်။

စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုတာ ဘာလဲ…

စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုတာ တကယ်ရှိခဲ့သလား…

ဒီလိုမေးခွန်းတွေက အဖြေရခက်ပါတယ်။ ဖြေရ ကြားရတာ မလွယ်တာထက် ကျွန်တော် မဖြေတတ်တာတွေလည်း ရှိပါတယ်။ မဖြေတတ်တဲ့အခါမှာတော့ ကိုဖေသိန်းရဲ့ "ဥဒေါတယ" ကိုပဲ လက်ညှိုးထိုးပြရပါတော့တယ်။ အခုလည်း ဒီစာအုပ်ကိုဖတ်ရင်း စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုတာ ဘာလဲ… လွတ်လပ်စွာရေးသားခွင့်ဆိုတာ ဘာလဲ… ဆိုတဲ့မေးခွန်းကို ကျွန်တော်ကတော့ ဒီစာအုပ်ထဲမှာ အများစုပါဝင်တဲ့ ကာတွန်း ကိုဖေသိန်းရဲ့ "ဥဒေါတယ" တွေ ကိုပဲ ဖတ်ကြည့်ပါလို့ပဲ ဖြေရတော့မှာပါပဲ…။



၁၉၅၇ ခု ဧပြီလ ၁၆ ရက်မှာ သတင်းစာ ဆရာကြီး ဦးသောင်း(ဒေါင်းပလေ)ကြီးမှူးပြီး "ကြေးမုံ"သတင်းစာထုတ်ဝေခဲ့ပါတယ်။ ကျွန်တော်က "အယ်ဒီတာ" ကိုဖေသိန်းက "သတင်းကာတွန်းဆရာ" အဖြစ်နဲ့ နှစ်ယောက်သား ရောက်ဆုံခဲ့ကြပါတယ်။

"ကြေးမုံ သတင်းစာ"မှာ ကိုဖေသိန်းက "ကြေးမုံ နီတိ" ဆိုပြီး နေ့စဉ် "သတင်းကာတွန်း"တွေကို ပြောင်ပြောင်မြောက်မြောက်စွာရေးနိုင်တဲ့အချိန် သတင်းတွေ သတင်းဆောင်းပါးတွေ အော်သံတွေ ခေါင်းကြီးတွေလည်း လွတ်လွတ်လပ်လပ်ကြီးရေးနိုင်ခဲ့ကြတယ်။

၁၉၅၉-၆၀ ခုနှစ်မှာ ကြေးမုံသတင်းစာတိုက်ကို ဗိုလ်ချုပ်နေဝင်းအစိုးရက ချိတ်ပိတ်ပစ်လိုက်တာနဲ့ "အိုးဝေသတင်းစာ"ပိုင်ရှင်ဦးညွန့်မြရဲ့ ဖိတ်ခေါ်ချက်အရ ကိုဖေသိန်း နဲ့ နှစ်ယောက်အတူ "အိုးဝေ"ကိုရောက်ခဲ့ကြပြီး ကိုဖေသိန်းလည်း သတင်းကာတွန်းတွေ လက်သံပြောင်ပြောင် နဲ့ လွတ်လွတ်လပ်လပ်ရေးပြန်ပါတယ်။

အဲဒီအချိန်မှာ "ဥဒေါတယ" ပေါ်ထွက်လာတာပါ။

"ဥဒေါတယ"ဆိုတာ ပရိတ်ကြီး(၁၁)သုတ်ထဲက လွတ်မြောက်မှုကိုဟောတဲ့ "မောရသုတ်"ရဲ့ အစ စကားလုံးကြီး …။

တစ်နေ့နေ့ တစ်မနက်မနက်မှာ "ဥဒေါတယ" လို့ စာအုပ်ရေးပြီး နှုတ်ဆက်လိုက်ပါမယ်။ မျှော်လင့်နိုင်ပါစေသတည်း။

ဟံသာဝတီ ဦးဝင်းတင်
(၂၀၁၁)




၁၀-၀-၅၉

ဩဂုတ်လ ၁၀-ရက်
သန့်ရှင်းတချို့ သန့်ရှင်းအဖွဲ့မှ နုတ်ထွက်၍ တည်မြဲသို့ကူးပြောင်းကြောင်း ကြော်ငြာများကို သတင်းစာများတွင် မကြာခဏ တွေ့နေရသည်။